## (၂၅.၉.၂၀၂၀) မှ (၁.၁၀.၂၀၂၀) အထိရွှေနှင့်အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

၁။ ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် Covid-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ကမ္ဘာ့ရွှေဈေး အပြောင်းအလဲများကြောင့် ပြည်တွင်းရွှေဈေးကွက်တွင်လည်း အပြောင်းအလဲများစွာဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။ ကမ္ဘာ့ရွှေဈေးသည်စက်တင်ဘာလ ၂၂ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် ၁၉၁၁ ဒေါ်လာ ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာလ ၂၅ ရက်နေ့တွင် ၁၈၆၈ ဒေါ်လာ၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ၁၈၈၉ ဒေါ်လာမှ အောက်တိုဘာလ ၁ ရက်နေ့တွင် ၁၈၈၅ ဒေါ်လာသို့ ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပါသည်။

၂။ ပြည်တွင်းရွှေဈေးသည်လည်းစက်တင်ဘာလ ၂၂ ရက်နေ့တွင် အခေါက်ရွှေ တစ်ကျပ်သား လျှင် ၁၃၁၅၀၀၀ ကျပ်ဖြစ်ပေါ်ခဲ့ပြီး စက်တင်ဘာလ ၂၅ ရက်နေ့တွင် ၁၃၀၃၅၀၀ကျပ်၊စက်တင်ဘာလ ၃၀ ရက်နေ့တွင် ၁၃၀၇၅၀၀ကျပ်ဖြစ်ပေါ်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်နေ့တွင် ၁၃၁၀၅၀၀ ကျပ် ပေါက်ဈေး ရှိခဲ့ကြောင်း သိရှိရပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | ကျပ် | ဒေါ်လာ |
| ၁ | ၁.၉.၂၀၂၀ | ၁၃၁၀၀၀၀၀ | ၁၉၉၂ |
| ၂ | ၂.၉.၂၀၂၀ | ၁၃၁၂၀၀၀၀ | ၁၉၆၉ |
| ၃ | ၃.၉.၂၀၂၀ | ၁၃၁၁၀၀၀၀ | ၁၉၃၁ |
| ၄ | ၄.၉.၂၀၂၀ | ၁၃၁၀၀၀၀၀ | ၁၉၄၀ |
| ၅ | ၅.၉.၂၀၂၀ | ၁၃၀၉၀၀၀၀ | ၁၉၃၅ |
| ၆ | ၇.၉.၂၀၂၀ | ၁၃၁၁၀၀၀၀ | ၁၉၂၇ |
| ၇ | ၈.၉.၂၀၂၀ | ၁၃၀၉၀၀၀၀ | ၁၉၁၇ |
| ၈ | ၉.၉.၂၀၂၀ | ၁၃၁၀၀၀၀၀ | ၁၉၂၇ |
| ၉ | ၁၀.၉.၂၀၂၀ | ၁၃၁၆၀၀၀၀ | ၁၉၄၈ |
| ၁၀ | ၁၁.၉.၂၀၂၀ | ၁၃၁၃၀၀၀၀ | ၁၉၄၂ |
| ၁၁ | ၁၂.၉.၂၀၂၀ | ၁၃၁၁၅၀၀၀ | ၁၉၄၀ |
| ၁၂ | ၁၅.၉.၂၀၂၀ | ၁၃၁၅၀၀၀၀ | ၁၉၆၈ |
| ၁၃ | ၁၆.၉.၂၀၂၀ | ၁၃၁၆၀၀၀၀ | ၁၉၆၄ |
| ၁၄ | ၁၇.၉.၂၀၂၀ | ၁၃၁၆၀၀၀၀ | ၁၉၄၅ |
| ၁၅ | ၁၈.၉.၂၀၂၀ | ၁၃၂၀၀၀၀၀ | ၁၉၅၂ |
| ၁၆ | ၁၉.၉.၂၀၂၀ | ၁၃၂၀၀၀၀၀ | ၁၉၅၁ |
| ၁၇ | ၂၁.၉.၂၀၂၀ | ၁၃၁၉၅၀၀၀ | ၁၉၅၂ |
| ၁၈ | ၂၂.၉.၂၀၂၀ | ၁၃၁၅၀၀၀၀ | ၁၉၁၁ |
| ၁၉ | ၂၃.၉.၂၀၂၀ | ၁၃၀၉၀၀၀၀ | ၁၈၉၁ |
| ၂၀ | ၂၄.၉.၂၀၂၀ | ၁၃၀၃၀၀၀၀ | ၁၈၆၃ |
| ၂၁ | ၂၅.၉.၂၀၂၀ | ၁၃၀၃၅၀၀၀ | ၁၈၆၈ |
| ၂၂ | ၂၇.၉.၂၀၂၀ | ၁၃၀၂၀၀၀၀ | ၁၈၆၁ |
| ၂၃ | ၂၈.၉.၂၀၂၀ | ၁၃၀၀၀၀၀၀ | ၁၈၆၃ |
| ၂၄ | ၃၀.၉.၂၀၂၀ | ၁၃၀၇၅၀၀၀ | ၁၈၈၉ |
| ၂၅ | ၁.၁၀.၂၀၂၀ | ၁၃၁၀၅၀၀၀ | ၁၈၈၅ |

Source: estimate of world's exchange rate and gold price page

၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Economic Indicator (%) ဖော်ပြချက် များအရ GDP Growth 6.80 % ၊ Annual Rate of Inflation 7.91 %၊ Year on Year Inflation 4.16 % ရှိသည်ကိုလေ့လာသိရှိရပါသည်။

၅။ COVID-19 ကူးစက်မြန် ကပ်ရောဂါကြောင့် ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင်မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်း သိသာစွာကျဆင်းသွားခဲ့ရာအဆိုပါအခြေအနေသည် နိုင်ငံ၏ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းဆိုင်ရာရလဒ်များကို

ထိခိုက်စေခဲ့ကြောင်းကမ္ဘာ့ဘဏ်ကသုံးသပ်ဖော်ပြခဲ့သည်ကို သိရှိရပါသည်။၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အရှေ့အာရှပစိဖိတ်ဒေသစီးပွားရေးသုံးသပ်ချက်အစီရင်ခံစာတွင်မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေနှင့်ပတ်သက်၍လည်းကမ္ဘာ့ဘဏ်က ထည့်သွင်းသုံးသပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

၆။ လတ်တလောတွင် နိုင်ငံအတွင်းပြန်လည် လည်ပတ်လာသော ကုန်ထုတ်လုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားစွမ်းအင်နှင့်ဒီဂျစ်တယ်နည်းပညာကဏ္ဍများတွင်ရင်းနှီးမြှုပ်နှံမှု အရှိန်အဟုန်မြင့်လာခြင်းကြောင့် လာမည့်နှစ်တွင်မူစီးပွားရေး ပြန်လည်တိုးတက်လာမည်ဟုကမ္ဘာ့ဘဏ်ကမျှော်မှန်းထားကြောင်း သိရှိရပါသည်။ သို့သော် ရောဂါကူးစက်မှုလှိုင်း အသစ်၊ကမ္ဘာ့စီးပွားရေးထိခိုက်မှုကြာရှည်ခြင်း၊ ပြည်တွင်းဘဏ္ဍာရေးကဏ္ဍ မသေချာမှု၊နိုင်ငံတွင်း ဖြစ်ပွားလျက် ရှိသောပဋိပက္ခများနှင့် နိုဝင်ဘာလ အထွေထွေရွေး ကောက်ပွဲအခြေအနေတို့သည်နိုင်ငံ၏စီးပွားရေးအတွက် စိန်ခေါ်မှုများအဖြစ်ရှိနေကြောင်းကိုကမ္ဘာ့ဘဏ်က သုံးသပ်ခဲ့သည်ကို သိရှိရပါသည်။

၇။ မြန်မာနိုင်ငံ၏ ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ-GDP) တိုးတက်မှုနှုန်းသည် အခြေခံလေ့လာမှုအရ ၂၀၂၀ ပြည့်နှစ်တွင်၀.၅၀ ရာခိုင်နှုန်းသာ ရှိသော်လည်း ၂၀၂၁ ခုနှစ်တွင်မူ ၅.၉၀ ရာခိုင်နှုန်းအထိ ပြန်လည်မြင့်တက်လာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းဖော်ပြထားသည်ကို သိရှိရပါသည်။

၈။ ကိုဗစ်-၁၉ ကပ်ရောဂါသည် ဆင်းရဲသူများကို အထိခိုက်ဆုံးဖြစ်ရုံသာမကနောက်ထပ်ဆင်းရဲသူများလည်း ပေါ်ထွက်စေနိုင်ကြောင်း၊ ဒေသတွင်းနိုင်ငံများတွင်မမျှော်မှန်းထားသည့် အခက်အခဲများစွာနှင့် ကြုံတွေ့နေရပြီး အစိုးရများမှလည်းခက်ခဲသည့် ရွေးချယ်မှုများကို ပြုလုပ်နေကြရကြောင်း ကမ္ဘာ့ဘဏ်၏ အရှေ့အာရှပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms.VictoriaKwakwaက ပြောကြားခဲ့သည်ကို သိရှိရပါသည်။အရှေ့အာရှပစိဖိတ်ဒေသအတွင်းဆင်းရဲနွမ်းပါးမှုသည် နှစ်ပေါင်း ၂၀အတွင်း COVID-19 ကြောင့် ပထမဆုံး အကြိမ်မြင့်တက်လာမည်ဟု ခန့်မှန်းထားပြီးလူဦးရေ ၃၈သန်းခန့်သည် ကပ်ရောဂါကြောင့် ဆက်လက်ဆင်းရဲခြင်း သို့မဟုတ်ပြန်လည်ဆင်းရဲခြင်းများ ဖြစ်သွားနိုင်သည်ဟုကမ္ဘာ့ဘဏ်က သုံးသပ်ထားပါသည်။

၉။ COVID-19 ကပ်ရောဂါ၏ သက်ရောက်မှုများကြောင့် ဖွံ့ဖြိုးဆဲအရှေ့အာရှပစိဖိတ်ဒေသရှိ နိုင်ငံများ၏ စီးပွားရေးအပေါ် ထိခိုက်မှုများရှိနေရာလာမည့်နှစ်များတွင် ဆင်းရဲနွမ်းပါးမှု ပိုမိုဆိုးရွားလာခြင်းကိုဟန့်တားနိုင်ရေးအစီအမံများအား အရေးတကြီး ဆောင်ရွက်ရန်လည်း လိုအပ်လျက်ရှိကြောင်းကမ္ဘာ့ဘဏ်၏ အစီရင်ခံစာက ထောက်ပြခဲ့သည်ကိုလည်း သိရှိရပါသည်။ကပ်ရောဂါ၏အကျိုးဆက်များကိုတုံ့ပြန်ဆောင်ရွက်ရန်၊ ရောဂါအား ထိရောက်စွာထိန်းချုပ်နိုင်ရေးနှင့်စီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်းများဖြင့် အကောင်အထည်ဖော်ရန် ကမ္ဘာ့ဘဏ်က မူဝါဒဆိုင်ရာအကြံပြုချက်များ ပေးခဲ့ကြောင်းလည်း သိရှိရပါသည်။


၁၀။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ၂၅ရက်နေ့မှ စက်တင်ဘာလ ၃၀ရက်နေ့အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

| တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား | | | | | | | | |
|---|---|---|---|---|---|---|---|---|
| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၅-၉-၂၀၂၀ | ၂၈-၉-၂၀၂၀ | ၂၉-၉-၂၀၂၀ | ၃၀-၉-၂၀၂၀ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
| ၁ | Myanmar | kyat | ၁၃၀၉.၄ | ၁၃၀၈.၄ | ၁၃၀၈.၈ | ၁၃၀၈.၅ | -၀.၀၇ | ↓ |
| ၂ | Thai Baht | THB | ၃၁.၅၃၀ | ၃၁.၇၁၀ | ၃၁.၆၅၅ | ၃၁.၆၇၀ | ၀.၄၄ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၇၄ | ၁.၃၇၆ | ၁.၃၇၁ | ၁.၃၇၀ | -၀.၂၉ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၁၆၇ | ၄.၁၇၆ | ၄.၁၆၂ | ၄.၁၅၆ | -၀.၂၇ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၄၈၆၉ | ၁၄၉၀၀ | ၁၄၈၉၅ | ၁၄၈၇၉ | ၀.၀၇ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၈၁၉ | ၆.၈၁၈ | ၆.၈၂၀ | ၆.၈၁၃ | -၀.၀၉ | ↓ |
| ၇ | Indian Rupee | INR | ၇၃.၅၈၇ | ၇၃.၇၄၆ | ၇၃.၈၁၄ | ၇၃.၇၅၆ | ၀.၂၃ | ↑ |
| ၈ | Japanese Yen | JPY | ၁၀၅.၄၄၄ | ၁၀၅.၃၀၄ | ၁၀၅.၆၆၈ | ၁၀၅.၆၈၆ | ၀.၂၃ | ↑ |
| ၉ | Australian Dollar | AUD | ၁.၄၁၄ | ၁.၄၂၀ | ၁.၄၀၉ | ၁.၄၀၆ | -၀.၅၉ | ↓ |
| ၁၀ | Euro | EUR | ၀.၈၅၈ | ၀.၈၅၉ | ၀.၈၅၆ | ၀.၈၅၄ | -၀.၄၇ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၈၃ | ၀.၇၇၉ | ၀.၇၇၇ | ၀.၇၈၀ | -၀.၃၄ | ↓ |

Source- Central Bank of Myanmar

၁၁။ ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ စက်တင်ဘာလ၂၅ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၀၉.၄၀ ကျပ်ရှိခဲ့ရာမှ စက်တင်ဘာလ၃၀ ရက်နေ့တွင် ၁၃၀၈.၅၀ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း ၀.၀၇ % ကျဆင်းခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

၁၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ချက်အရ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ၄ရက်နေ့မှ စက်တင်ဘာလ၃၀ ရက်နေ့အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-



၁၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်း ငွေလဲလှယ်နှုန်း တည်ငြိမ်စေရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ စက်တင်ဘာလ ၂၄ ရက်နေ့အတွင်းနိုင်ငံခြားငွေဈေးပြိုင်လေလံဖြင့် ဈေးကွက်အတွင်းမှ အမေရိကန်ဒေါ်လာ ၂၇.၁၀ သန်း ဝယ်ယူခဲ့ပြီး စက်တင်ဘာလ၂၅ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၃.၈၀ သန်း၊ စက်တင်ဘာလ၂၈ ရက်နေ့တွင်အမေရိကန်ဒေါ်လာ ၃.၈၀ သန်း၊ စက်တင်ဘာလ၂၉ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ၁.၉၀ သန်းထပ်မံ ဝယ်ယူခဲ့ကြောင်း သိရှိရပါသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ လအတွင်း ဈေးကွက်အတွင်းမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၆.၆၀ သန်း ဝယ်ယူပေးခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော စာရင်းများအရသိရှိရပါသည်။

၁၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၎င်း၏ နိုင်ငံခြားသုံးငွေလုပ်ငန်း (Foreign ExchangeOperation) ရည်ရွယ်ချက်များဖြစ်သော ကာလတိုအတွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း အတက်/အကျကြီးမားခြင်းကို လျော့နည်းစေရန်နှင့် နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်အရန်ငွေ ဖြည့်တင်းရန် အချက်နှစ်ချက်အားအကောင်အထည်ဖော်ရန်အတွက် စည်းမျဉ်းအခြေခံသည့်နိုင်ငံခြားငွေဈေးပြိုင်လေလံအား ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

၁၅။ ပြည်တွင်းရှိ ပြင်ပငွေကြေးဈေးကွက်၌ တစ်နှစ်အတွင်း လအလိုက်ဖြစ်ပေါ်ခဲ့သော နိုင်ငံခြားငွေလဲလှယ်နှုန်း အနိမ့်ဆုံးနှင့် အမြင့်ဆုံးနှုန်းများကို လေ့လာကြည့်ရာတွင် ၂၀၁၉ခုနှစ်၊ စက်တင်ဘာလတွင်၁၅၂၇-၁၅၆၅ ကျပ်၊ အောက်တိုဘာလတွင် ၁၅၂၈-၁၅၃၇ ကျပ်၊နိုဝင်ဘာလတွင် ၁၅၁၀-၁၅၂၄ ကျပ်၊ ဒီဇင်ဘာလတွင် ၁၄၈၅-၁၅၁၃ ကျပ်၊ ၂၀၂၀ ပြည့်နှစ်ဇန်နဝါရီလတွင် ၁၄၆၅-၁၄၉၃ ကျပ်၊ ဖေဖော်ဝါရီလတွင် ၁၄၃၆-၁၄၆၅ ကျပ်၊ မတ်လတွင်၁၃၂၀-၁၄၄၅ ကျပ်၊ ဧပြီလတွင် ၁၃၉၅-၁၄၄၀ ကျပ်၊ မေလတွင် ၁၄၀၆-၁၄၂၆ ကျပ်၊ ဇွန်လတွင်၁၃၈၅-၁၄၁၂ ကျပ်၊ ဇူလိုင်လတွင် ၁၃၆၇-၁၄၁၃ ကျပ်၊ဩဂုတ်လတွင် ၁၃၄၂-၁၃၉၂ကျပ်နှင့် စက်တင်ဘာလတွင် ၁၃၂၄-၁၃၆၅ ကျပ်တို့ဖြစ်ကြောင်း သိရှိရပါသည်။

၁၆။ စက်တင်ဘာလအတွင်း ပြည်တွင်းရှိ ပြင်ပ ငွေလဲလှယ်နှုန်း ဈေးကွက်တွင်အမေရိကန် ဒေါ်လာ ငွေလဲလှယ်နှုန်း ပြန်လည်ကျဆင်းလာခဲ့ပြီး စက်တင်ဘာလ ၁၉ရက်နေ့မှ စက်တင်ဘာလ၃၀ ရက်နေ့အတွင်း အနိမ့်ဆုံးနှုန်း ၁၃၂၄ ကျပ်ဝန်းကျင်မှအမြင့်ဆုံးနှုန်း ၁၃၃၁ ကျပ်ဝန်းကျင် ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။ စက်တင်ဘာလ ၂၅ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင်၁၃၂၄ ကျပ်၊စက်တင်ဘာလ၂၈ ရက်နေ့တွင် တစ်ဒေါ်လာလျှင်၁၃၂၆ ကျပ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၃၀ ကျပ်နှင့် စက်တင်ဘာလ ၃၀ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၂၈ ကျပ်အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။